Issue Paper



# ဈေးကွက်များကို လက်လှမ်းမှီမှု

## မြန်မာနိုင်ငံရှိ ဒေသခံပြည်သူများ သစ်တောများမှ အကျိုးအမြတ် ရရှိသေချာစေခြင်း

RAFT
Responsible Asia Forestry and Trade

RECOFTC
THE CENTER FOR PEOPLE AND FORESTS

# ဈေးကွက်များကို လက်လှမ်းမီမှု

## မြန်မာနိုင်ငံရှိ ဒေသခံပြည်သူများ သစ်တောများမှ အကျိုးအမြတ်ရရှိသေချာစေခြင်း

ထုတ်ဝေသူ - RECOFTC - လူ နှင့် သစ်တောများ ဗဟိုဌာန
မူပိုင်ခွင့် - RECOFTC ဇွန်လ၊ ၂၀၁၈ ခုနှစ်။
ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

စာရေးသူများ - Martin Greijmans, David Gritten, Lina Jihadah, Aung Kyaw Naing and Lok Mani Sapkota.

ISBN : 978-616-8089-05-7

ပညာရေးပေးရန် ရည်ရွယ်ချက် (သို့) အကျိုးအမြတ်မဟုတ်သော ရည်ရွယ်ချက်များဖြင့် ပြန်လည်ထုတ်ဝေလိုပါက မူပိုင်ခွင့်ရှိသူများထံမှ ကြိုတင်ခွင့်ပြုချက်ရယူရန်မလိုအပ်ဘဲ မူလပိုင်ရှင်အားအပြည့်အဝအသိအမှတ်ပြုခြင်းဖြင့် ပြန်လည်ထုတ်ဝေနိုင်ပါသည်။ ဤစာအုပ်ကို မူလပိုင်ခွင့်ရှိသူများထံမှ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ပြန်လည်ရောင်းချရန် (သို့) အခြားစီးပွားရေးရည်ရွယ်ချက်များဖြင့် ပြန်လည်ထုတ်ခြင်းကို တားမြစ်ထားပါသည်။

# နိဒါန်း

ဤစာစောင်အား ဩစတြေးလျအစိုးရ၏ ငွေကြေးထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တာဝန်သိ တာဝန်ယူမှုရှိသော အာရှဆိုင်ရာ သစ်တောစီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်ခြင်းဆိုင်ရာ စီမံကိန်း အပိုင်း (၃) မှ ထုတ်ဝေခြင်းဖြစ်ပြီး RECOFTC မှ Mr. Mattin Grreijmans, Mr. David Gritten, Miss Lina Jihadah, Mr. Lok Mani Sapkota နှင့် ဦးအောင်ကျော်နိုင်တို့ ပြုစုရေး သားထားခြင်းဖြစ်ပါသည်။

ရေးသားပြုစုသူများမှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် ရန်ကုန်၌ကျင်းပသော "မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" သို့တက်ရောက်ခဲ့ကြပါသော လူကြီးမင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် စာစောင် ဒီဇိုင်းအားပြင်ဆင် မွမ်းမံပေးပါသော RECOFTC ထိုင်းနိုင်ငံရုံးရှိ သတင်းအချက်အလက်ထုတ်ပြန်ခြင်းဌာန နှင့် လိုအပ်သမျှကူညီပေးပါသော RECOFTC မြန်မာနိုင်ငံအစီအစဉ်မှ ပြန်ကြားဆက်သွယ်ရေးအရာရှိ ဦးထန်ဒိတ်တွောင် တို့အားလည်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။



# နိဒါန်း

အာရှ-ပစိဖိတ်ဒေသတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောကို အစပြုစဉ်အခါက ပျက်စီးပြုန်းတီးမည့် အန္တရာယ်ရှိသည့် သစ်တောသယံဇာတရင်းမြစ်များကို ကာကွယ်ထိန်းသိမ်းရန်အဓိကရည်ရွယ်ခဲ့ပါသည်။ ဒေသခံပြည်သူများ၏ အသက်မွေး ဝမ်းကျောင်းမှုလိုအပ်ချက်များကိုထည့်သွင်းစဉ်းစားမှုနည်းပြီး သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ အသေးစားကုန်သွယ်မှုမှဝင်ငွေအနည်း ငယ်ကိုသာ ရရှိစေခြင်းအားဖြင့် ၎င်းတို့ရှင်သန် ရပ်တည်နိုင်ရုံကိုသာ အဓိကထားခဲ့သည်။

မကြာသေးမီနှစ်များမှစ၍ သစ်တောမှီခိုဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းမှုအရေးပါပုံကိုပိုမို အသိအမှတ်ပြုလာကြသည်။ သစ်တောများအား ဒေသခံများကိုယ်တိုင် ထိထိရောက်ရောက် စီမံအုပ်ချုပ်မှု ရှိစေရေးအတွက် မက်လုံးပေးဆွဲဆောင်ရန် (သို့) စီမံအုပ်ချုပ်လာနိုင်စွမ်းရှိစေရန်အတွက် ရပိုင်ခွင့် ပေးရုံဖြင့် မလုံလောက်ကြောင်းသိရှိလာကြခြင်းမှ အရင်းခံလာပါသည်။ အဆိုပါ ဒေသခံပြည်သူများကို ၎င်းတို့၏ သစ်တောများမှနေ၍ အနှစ်သာရရှိသောဘဝနေထိုင်ရှင်သန်မှုများဖန်တီးနိုင်စွမ်းနှင့် ဖန်တီးခွင့်ပေးရန်လိုအပ်ပြီး သို့မဟုတ်ပါက ၎င်းတို့၏သစ်တောများကို ကိုယ်တိုင်ရေရှည်တည်တံ့မှုရှိအောင် စီမံအုပ်ချုပ်စေရေးအတွက် လုံလုံလောက်လောက်စွဲဆောင်နိုင်လိမ့်မည်မဟုတ်ပေ။ ဒေသခံပြည်သူများသည် ၎င်းတို့ရင်းနှီးမြှုပ်နှံထားသည် များမှ သိသာသော့အကျိုးအမြတ်များ ပြန်လည်ရရှိအောင်လုပ်ကိုင်နိုင်စွမ်းရှိရန်လိုအပ်ပြီး ၎င်းတွင် သစ်နှင့် သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများ ရောင်းချခြင်း၊ အချုပ်အားဖြင့်ဆိုရပါလျှင် တန်ဖိုးမြှင့်တင်ခြင်း လုပ်ငန်းစဉ်များတွင်တက်ကြွစွာပါဝင်ဆောင်ရွက်စေခြင်း (သို့) ၎င်းလုပ်ငန်းစဉ်များကို ထိန်းချုပ်စီမံလုပ်ကိုင်ခြင်းဖြင့် တန်ဖိုးကွင်းဆက်တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်သည့် အခန်းကဏ္ဍမှ ပါဝင်မှုဖြစ်ပါသည်။


ပြန်လည်ပြင်ဆင်ထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက် (၂၀၁၆) သည် မြန်မာနိုင်ငံတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၏ အကျိုးသက်ရောက်မှုကို သိသာစွာအားကောင်း လာစေသည့် အခွင့်အလမ်းကြီးများကို ဖြစ်ပေါ်စေပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအား စီးပွားဖြစ်လုပ်ကိုင်ခွင့်ပြုလိုက်ခြင်းအားဖြင့် ညွှန်ကြားချက်မှသစ်သည် သစ်တောမှီခိုဒေသခံပြည်သူများကို သစ်တောဆိုင်ရာရပိုင်ခွင့်များမှနေ၍ အနှစ်သာရရှိသောဘဝရှင်သန်ရပ်တည်မှုကို ဖြစ်စေသည့် အလွန်ခိုင်မာ သောအခြေအနေ၊ အခွင့်အလမ်းကောင်းများကိုဖန်တီးပေးထားပါသည်။ ၎င်းသည် ကျေးလက်ဒေသနေပြည်သူ သန်းပေါင်းများစွာ၏ဘဝများစွာကို ပြောင်းလဲစေလိမ့်မည်ဖြစ်ပါသည်။

**တန်ဖိုးကွင်းဆက်[1] တွင် အသေးစားလုပ်ငန်းရှင်များ အပါအဝင် ကျေးလက်ဒေသခံပြည်သူများပါဝင်မှုသည် အဘယ့်ကြောင့် အလွန်အရေးကြီးပါသလဲ**

သစ်တောမှီခိုဒေသခံပြည်သူများနှင့် အသေးစားလုပ်ငန်းရှင်များသည် သစ်နှင့်ဆိုင်သော တန်ဖိုးကွင်းဆက် များတွင် ကိုယ်တိုင်တက်ကြွစွာပါဝင်ဆောင်ရွက်လာပါက ၎င်းတို့သည် သစ်တောများကို ရေရှည်တည်တံ့ အောင်စီမံအုပ်ချုပ်လျက် ဆင်းရဲမှုကို လျော့ချကာ ဒေသအလိုက်စီးပွားလုပ်ငန်းများ ထူထောင်လာနိုင်မည်ဖြစ်၍ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ခုစလုံးအတွက် မျက်စိကျဖွယ်ကောင်းသည့် မိတ်ဖက်များဖြစ်လာပါမည်။

သစ်တောဥပဒေစိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် သစ်ကုန်သွယ်မှုဆိုင်ရာ ဆန္ဒအလျောက်မိတ်ဖက်အဖြစ် အကောင်ထည်ဖောင်ဆောင်ရွက်သည့် သဘောတူညီချက် (FLEGT-VPA) လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လာသည့် အစိုးရများမှ (ဥပမာ-အင်ဒိုနီးရှား၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့တွင်) အောင်မြင်သောသစ်တင်ပို့မှုစီးပွားရေး လုပ်ငန်းတစ်ခုတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအဖွဲ့များနှင့် အသေးစားလုပ်ငန်းရှင်များပါဝင်မှုရှိ စေရန် လုပ်ဆောင်ဖို့လိုအပ်ကြောင်းပို၍ပို၍သိရှိလာကြပါသည်။ ဥပမာ- အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်း အလယ်ပိုင်းဒေသရှိဂျာ(ပ်)ပရာတွင် ပရိဘောဂစက်မှုလုပ်ငန်းမှအသုံးပြုသောသစ်၏ ၅၀% (စုစုပေါင်း နှစ်စဉ် ကုဗမီတာ ၀.၉ သန်း) အထိမှာ အသေးစား သစ်တောစိုက်ပျိုးသူများထံမှရရှိပါသည်။

1။ တန်ဖိုးကွင်းဆက်တစ်ခုဆိုသည်မှာ ကုန်ကြမ်းရင်းမြစ်မှ နောက်ဆုံးစားသုံးသူအထိ လုပ်ငန်းဆောင်တာများအားလုံးကို ကိုယ်စားပြုပါသည်။ ဆောင်ရွက်သည့်လုပ်ငန်းများ (သို့) ရောင်းဝယ်ဖောက်ကားခြင်းတို့မှ တဆင့် တန်းဖိုးကိုမြှင့်တင်ထားပြီး ဈေးနှုန်းဖြင့်ပိုင်းဖြတ်ပါသည်။ တန်ဖိုးကွင်ဆက်တစ်ခုသည် ထုတ်ကုန်တစ်ခု တန်ဖိုးမြှင့်ရာတွင် ပါဝင်ဆောင်ရွက်သူများ၏ လိုအပ်သော ဆက်နွယ်လုပ်ဆောင်မှုများကို ဖော်ညွှန်းပါသည်။




ပုံ-၁တန်ဖိုးကွင်းဆက်တွင်ပါဝင်သည့်အစိတ်အပိုင်းများ- ဥပဒေနှင့်ထိန်းကျောင်းထားသည့် ဝန်းကျင် အနေအထားတို့မှ လုပ်ငန်းစဉ်များနှင့်ပါဝင်လုပ်ဆောင်သူများအပေါ်လွှမ်းမိုးသက်ရောက်မှု

အာရှ-ပစိဖိတ်ဒေသနှင့်အခြားဒေသများမှသာဓကများကိုအခြေခံ၍သစ်တောမှီခိုဒေသခံပြည်သူများအတွကသစ်များကိုရောင်းချခြင်းမှ အကျိုးအမြတ်ရရှိမှုနှင့် သစ်နှင့်ဆိုင်သော တန်ဖိုးကွင်းဆက်များတွင် ၎င်းတို့ အခန်းကဏ္ဍများ၏ ပါဝင်သက်ရောက်မှုများ ထည့်သွင်းစဉ်းစားထားမှုတို့ကို အကျဉ်းချုပ်အားဖြင့် တင်ပြထားပါသည်။

**သစ်နှင့်ဆိုင်သော တန်ဖိုးကွင်းဆက်တွင် ဒေသခံပြည်သူများ၏ အခန်းကဏ္ဍများကို ရရှိသေချာစေမည့် အဓိက အစိတ်အပိုင်းများ**

ဒေသခံပြည်သူများသည် သစ်တောများမှ ရရှိသည့်အကျိုးအမြတ်များ (အထူးသဖြင့် သစ်နှင့် တန်ဖိုးကွင်းဆက်တွင် ၎င်းတို့၏ ပါဝင်လုပ်ဆောင်မှု) တို့ကို ဆန်းစစ်ဆုံးဖြတ်ရာတွင် အောက်ပါအစိတ်အပိုင်းများသည် အလွန်အရေးကြီးပါသည်။

၁။ ဥပဒေနှင့် ထိန်းကျောင်းထားသည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အနေအထား
၂။ ရပိုင်ခွင့် အခွင့်အရေးများ
၃။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စီမံအုပ်ချုပ်မှု

သစ်တောအခြေပြု စီးပွားရေးလုပ်ငန်းများထူထောင်ထားပြီး ဆက်စပ်စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဒေသခံပြည်သူများ၏ အောင်မြင်မှုကို ဆန်းစစ်သတ်မှတ်ရာတွင် အထက်ပါ ကျယ်ကျယ်ပြန့်ပြန့် ဆက်နွယ်နေ သည့် အစိတ်အပိုင်းများကို အဓိကစံများအဖြစ် မှတ်ယူထားပါသည်။

**ဥပဒေနှင့် ထိန်းကျောင်းထားသည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အနေအထား**

ပူးပေါင်းပါဝင်မှု ဥပဒေသများအပေါ်အခြေခံထားသည့် ရှင်းလင်းတိကျပြီး စိုးမိုးမှုရှိသည့် ဥပဒေနှင့် ထိန်းကျောင်းထားသည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဝန်းကျင်အနေအထားသည် မရှိမဖြစ် ဖြစ်ပါသည်။ အင်ဒိုနီးရှား၊ တရုတ်နှင့် ဗီယက်နမ်ကဲ့သို့သော နိုင်ငံများတွင် တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏သစ်တောများမှနေ၍ ရပ်တည်နိုင်စေရေး အထောက်အကူဖြစ်စေရန် အလို့ငှာ နိုင်ငံတော် ဥပဒေများကို ပိုမိုခိုင်မာအားကောင်းအောင် သိသိသာသာပင် ကြိုးပမ်းလုပ်ဆောင်နေကြပါ သည်။ ဥပမာ - ဗီယက်နမ်၏ မြေယာဥပဒေသည် သစ်တောမြေပိုင်ဆိုင်ခွင့်နှင့် ရပိုင်ခွင့်များ လွှဲပြောင်းပေးသည့် လုပ်ငန်းစဉ်များကဲ့သို့သော ကိစ္စရပ်များကို ဖြေရှင်းပေးနေကာ တစ်စတစ်စ တိုးတက်ပြောင်းလဲလာခဲ့ပါသည်။ လက်ရှိ ဥပဒေနှင့် မကြာသေးမီက ပြင်ဆင်ထားသည့် သစ်တောကာကွယ်ထိန်းသိမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု ဥပဒေမူသစ် တို့သည် ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ စိုက်ခင်းများကို စီမံလုပ်ဆောင်ရာတွင် ဒေသခံပြည်သူများနှင့်ပူပေါင်းလုပ်ဆောင်ရန် ပဓါနအခြေခံရမည့် ဥပဒေဆိုင်ရာ ရင်းမြစ် များဖြစ်ပါသည်။

**အဓိက သတင်းအချက်အလက်-** ရှင်းလင်းတိကျပြီး အထောက်အကူဖြစ်သော ဥပဒေနှင့် ထိန်းကျောင်းထားသည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာအနေအထားတစ်ခုသည်ပုဂ္ဂလိကကဏ္ဍမှသစ်တောအခြေပြုစီးပွားရေးလုပ်ငန်းများတွင်ကာလရှည် ရင်းနှီး မြှုပ်နှံမှုကို ဖြစ်စေပြီး စွန့်ဦးတီထွင်လုပ်ကိုင်လိုသူ သစ်တောမှီခို ဒေသခံပြည်သူများအတွက် မက်လုံးများကိုလည်း ဖြည့်စွမ်းပေးပါသည်။

## ရပိုင်ခွင့်

ဒေသခံပြည်သူ (သို့) တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များအတွက် သစ်တောမြေကို ပိုင်ဆိုင်ခွင့်ပေးထားပြီး အခွင့်အရေးများကို ရှင်းရှင်းလင်းလင်းဖော်ပြထားသည့် စာရွက်စာတမ်းတစ်ခုသည် အလွန်အဖိုးတန်ပါသည်။ အဆိုပါ စာရွက်စာတမ်းကြောင့် ရရှိစေနိုင်သည့် အကျိုးအမြတ်များနှင့် အာမခံချက်သည် ဘဝအနေအထားကို နည်းလမ်း ပေါင်းစုံမှ ပြောင်းလဲစေနိုင်ပါသည်။

တရုတ်နိုင်ငံတွင် တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ရရှိသည့် ရပိုင်ခွင့်များသည် သိသာထင်ရှားပါသည်။ အထူးသဖြင့် ၎င်းတို့၏ ရပိုင်ခွင့်များ ရရှိအောင် အစိုးရမှ အထောက်အပံ့ပြုထားသဖြင့် အဆိုပါ စနစ်သည် ကောင်းစွာ လည်ပတ်နေပါသည်။ အထောက်အပံ့သာဓကများမှာ နိုင်ငံတစ်ဝှမ်းတွင် သစ်တောဆိုင်ရာ ရပိုင်ခွင့်များလွှဲပြောင်း ပေးသည့် ဗဟိုဌာနများ တည်ထောင်ထားခြင်းတို့ဖြစ်ပါသည်။ အဆိုပါ ဗဟိုဌာနများသည် ရပိုင်ခွင့်မှတ်ပုံတင်ပေးခြင်း နှင့် လွှဲပြောင်းပေးခြင်းတို့ကို အထောက်အပံ့ပေးရုံသာမက ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ၊ ဘဏ္ဍာငွေနှင့် အာမခံငွေကြေးများ ရရှိစေရန်အတွက် ထောက်ပံ့ပေးခြင်းနှင့် သစ်သယ်ယူပို့ဆောင်ရန် ခွင့်ပြုချက်များထုတ်ပေးခြင်းတို့အပါအဝင် အခြားဝန်ဆောင်မှုများစွာကိုလည်း လုပ်ဆောင်ပေးပါသည်။

**အဓိက သတင်းအချက်အလက်-** တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင် (သို့) ဒေသခံပြည်သူများကို ရှင်းလင်းခိုင်မာသည့် သစ်တောမြေ ရပိုင်ခွင့်များနှင့် ဘဏ္ဍာငွေ ရရှိအောင် ဖြည့်စီးပေးထားခြင်းဖြင့် သစ်တောထွက်ပစ္စည်း တန်ဖိုးမြှင့် အချောထည်ပြုလုပ်ရာတွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုထည့်ဝင်လာစေပါသည်။

**ဗီယက်နမ်တောင်သူတစ်ဦးမှ** "ကျွန်တော်တို့မိသားစုတွင် စုစုပေါင်းစိုက်ခင်း ၄.၂ ဟက်တာ ရှိပါသည်။ ချေးငွေ ရရှိပြီး ၅ နှစ် အကြာတွင် ပျိုးပင်၊ မြေသြဇာနှင့် အတိုးနှုန်းစသည့်အရင်းအနှီးကုန်ကျစရိတ်များကိုနုတ်လိုက်ပါက တစ်ဟက်တာလျှင် ဗီယက်နမ်ဒေါင် သန်း ၉၀ မှ ၁၀၀ ထိ (အမေရိကန်ဒေါ်လာ ၃၉၅၀ - ၄၃၉၀ အထိ) ရရှိနိုင်ပါသည်။ ချေးငွေ ငွေရင်းကို ပြန် ပေးနိုင်ခဲ့ရုံသာမကအိမ်အသစ်ဆောက်ရန် ငွေလည်းရရှိခဲ့ပြီး ခေတ်ပေါ် ပစ္စည်းများလည်းဝယ်သုံးနိုင်ခဲ့ပါသည်။[1]"

## စီမံအုပ်ချုပ်ခြင်း

ဒေသခံပြည်သူများ အစုအဖွဲ့ ဖွဲ့စည်းပုံ၊ ဆုံးဖြတ်ချက် ချမှတ်ပုံ၊ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရရုံးများနှင့် အနီးဝန်းကျင်ရှိ ဒေသခံများနှင့် ဆက်နွယ်လုပ်ဆောင်ပုံတို့အပါအဝင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စီမံအုပ်ချုပ်မှုသည် ကောင်းမွန်သောစီမံအုပ်ချုပ်မှု ဥပဒေသများနှင့် ကိုက်ညီမှုရှိအောင် လုပ်ဆောင်ရမည်အပြင် ရေရှည်တည်တံ့ပြီး အကျိုးဖြစ်ထွန်းသည့် ဒေသခံပြည်သူ စီးပွားရေးလုပ်ငန်းများအတွက် အခင်းအကျင်း အနေအထားတစ်ခု ဖန်တီးပေးရန်အလို့ငှာ အခြေခံအုတ်မြစ်လည်းဖြစ်စေရပါမည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ကိုင်သည့်ပုံစံအပေါ်မူတည်၍ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသည်လည်း အနည်းငယ်ပြောင်းလဲပါလိမ့်မည်။ ဥပမာ - ဒေသခံပြည်သူ အစုအဖွဲ့တစ်ခု (ဥပမာ- နီပေါရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အသုံးပြုသူများအဖွဲ့) နှင့် ယှဉ်လျှင် တစ်နိုင်တစ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးချင်းစီအတွက် (ဥပမာ- အင်ဒိုနီးရှားရှိ ဂျာဗားမှ တောင်သူများ) ဆုံးဖြတ်ချက်ချမှတ်ရာတို့တွင် ကွဲပြားသွားမည်ဖြစ်သည်။ နီပေါတွင် စုပေါင်းဆုံးဖြတ်ချက်ချခြင်းကို အထူးအလေးထားကာ ကောင်းမွန်သောစီမံအုပ်ချုပ်မှု ဥပဒေသများကို လိုက်နာ ဆောင်ရွက်ကြပါသည်။ ၎င်းတွင် အမှုဆောင်ကော်မတီ၌ဆုံးဖြတ်ချက်ချမှတ်နိုင်သည့်ရာထူးနေရာများအတွက်အမျိုးသမီးဦးရေသတ်မှတ်ချက်ကိုခွဲဝေထားပါသည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဖယ်ထုတ်ခံထားရသည့် အုပ်စုများကို အလေးထားပေးခြင်းဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ အပါအဝင် စီမံအုပ်ချုပ်ရာတို့တွင် ၎င်းတို့မှ တဖြေးဖြေး ပူးပေါင်းပါဝင်ခြင်းနှင့်အတူ ကြွယ်ဝမှုများကို ဒေသခံများအတွင်းမည်သို့ ခွဲဝေမည်ဆိုသည်တို့လည်းပါဝင်လာကြပါသည်။

---

1--The World Bank (2016). Vietnam: Sustainable Plantation and Livelihoods for Low-income Farmers http://www.worldbank.org/en/results/2016/04/12/vietnam-sustainable-plantation-and-livelihoods-for-low-income-farmers

**အဓိက သတင်းအချက်အလက် -** ကောင်းမွန်သော စီမံအုပ်ချုပ်မှုသည် ဒေသခံပြည်သူများကို ၎င်းတို့၏ ရင်းမြစ်များတွင် ရင်းနှီးမြှုပ်နှံလာရန်နှင့် ကာလရှည် အကျိုးအမြတ်များအမြင့်ဆုံး ပြန်လည်ရရှိအောင် လုပ်ဆောင်ရာတို့တွင် ကတိကဝတ်များ ပိုမိုထားရှိလာစေပါသည်။ ဥပမာ - အဂတိလိုက်စားမှုများ

**နီပေါမှ စွန့်ဦးတီထွင်သစ်လုပ်ငန်းရှင်တစ်ဦးမှ** "များမကြာခင် နှစ်များက chundre-mundre (ဒေသခံ ဂိုဏ်း အဖွဲ့များ) ကြောင့် အကျပ်အတည်းများစွာ ရှိခဲ့ပါသည်။ အကြောင်းမှာ ၎င်းတို့သည် ဝန်တင်ယာဉ်များကို ရပ်ခိုင်းပြီး အလှူငွေများ ကောက်ခံသောကြောင့်ဖြစ်ပါသည်။ ကုန်သည်များသည်လည်း ရဲနှင့် သစ်တော စစ်ဆေးရေးကင်း တစ်ခုချင်းစီတွင် ငွေပေးရပါသည်။ အဆိုပါ တရားမဝင် မသမာမှုများအတွက် သစ်တန်ဖိုး၏ ၃၀% လောက် သုံးနေရသည်ဟု ကျွန်တော် ခန့်မှန်းပါသည်။ ကျွန်တော့် အမြင်တွင် ဩဇာအာဏာရှိသူများ နှင့် ငွေကြေးကြွယ်ဝသူများမှသာ သစ်ကုန်သွယ်မှုကို ပြုလုပ်နိုင်သည်ဟု မြင်မိပါသည်။[2]"

## တန်ဖိုးကွင်းဆက်

သစ်ဆိုင်ရာ တန်ဖိုးကွင်းဆက်များတွင် ဒေသခံပြည်သူများ၏ ပါဝင်မှုသည် လွန်စွာကွဲပြားပါသည်။ လုပ်ကိုင်နိုင်စွမ်းရှိသည့် ဥပဒေနှင့် ထိန်းကြောင်းထားသည့် စည်းမျဉ်းစည်းကမ်းအနေအထား၊ ကောင်းမွန်သော စီမံအုပ် ချုပ်မှုနှင့် ရှင်းလင်းတိကျခိုင်မာသော ရပိုင်ခွင့်များ အပါအဝင် အခြေခံ အကြောင်းရင်းမျိုးစုံအပေါ် မူတည်နေပါ သည်။ အဆိုပါအခြေခံအကြောင်းရင်းများ နေရာတကျ အဆင်သင့်ရှိစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းဆောင် ရွက်မှု၊ ပါဝင်သူအားလုံးအတွက် အကျိုးအမြတ်ရစေသည့် ရလာဒ်များကို ဖြစ်စေသည့် ကတိကဝတ်စသည်တို့ ကို အားကောင်းစေပါသည်။

အာရှ - ပစိဖိတ်ဒေသ နိုင်ငံများသည် စိုက်ပျိုးရေးနှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ တန်ဖိုးကွင်းဆက်တွင် ဒေသခံများ၏ ပါဝင်လုပ်ကိုင်မှု အရေးကြီးကြောင်း ခြွင်းချက်မရှိ သိရှိလာကြသည်။ အဆိုပါ အချက်နှင့်ပတ်သက်၍ သစ်လုပ်ငန်းကဏ္ဍတွင်မူ မသိသာ မထင်ရှားသေးသော်လည်း များစွာ တိုးတက်မှု ရှိနေပါသည်။ သို့ရာတွင် ဒေသခံပြည်သူများ၏ သစ်ဆိုင်ရာ တန်ဖိုးကွင်းဆက်များတွင် ပိုမို ထိရောက်မှုရှိလာ သည့် အောင်မြင်မှု သာဓကများစွာ ရှိပါသည်။

- သစ်တောစီမံအုပ်ချုပ်မှုနှင့်သစ်ထုတ်ယူခြင်း - သစ်ထုတ်ယူသည့် ကာလကို ဈေးကွက်လိုအပ်ချက် အပေါ်မူတည်၍သာမက အခြားအသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် ငွေကြေးလိုအပ်ချိန်တွင် လည်း ဆုံးဖြတ်လုပ်ဆောင်ပါသည်။ သို့ရာတွင် ရပိုင်ခွင့်ရှိထားသော ဒေသခံပြည်သူများမှ စီးပွားဖြစ် သစ်ပင်များစိုက်ပျိုးခြင်းတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်ကြပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် မည်သို့မိတ်ဖက် လုပ်ဆောင်ရမည်ကို ပိုမိုသိရှိလာနိုင်ကြပါသည်။ ဥပမာ - ဗီယက်နမ်ရှိ တစ်နိုင်တစ်ပိုင် အော်ရေးရှား သစ်မျိုး စိုက်သူများသည် နိုင်ငံတော်ပိုင် ဘန်ဟိုင်း သစ်ကုမ္ပဏီနှင့် မိတ်ဖက်ပြုလုပ်၍ ခုတ်လှဲချိန်တွင် သစ်ပင်များ စံမီရင့်သန်မှု ရှိနေစေရန် အတူတကွ ပူးပေါင်းလုပ်ဆောင်လာနိုင်ကြပါသည်။

- သယ်ယူပို့ဆောင်ခြင်း - အာရှ-ပစိဖိတ်ဒေသတွင် သစ်ကို အလုံးလိုက် (သို့) အချောထည်အကြမ်း အနေဖြင့် သယ်ယူပို့ဆောင်ခြင်းတွင် ကုန်သည်များမှ လိုအပ်သည့် ရုံးပိုင်းဆိုင်ရာစာရွက်စာတမ်းများ ရရှိအောင်လုပ်ဆောင်ကာ အဓိကလုပ်ကိုင်ဆောင်ရွက်ကြသည်။ မက္ကစီကိုတွင်မူ ဒေသခံပြည်သူများမှ အဆိုပါအလုပ်တာဝန်များကို လုပ်ဆောင်ကြပြီး ဝင်ငွေလည်းပိုရကြပါသည်။ ထိုသို့လုပ်ဆောင်နိုင်ရန် အတွက် ခိုင်မာသည့် အဖွဲ့တွင်း စီမံအုပ်ချုပ်မှုစနစ် အပါအဝင် အကြောင်းအရင်းများစွာမှ မျက်နှာသာ ပေးသည့် အနေအထားတွင် ရှိနေသောကြောင့် ဖြစ်ပါသည်။

- အချောထည်ပြုလုပ်ခြင်းနှင့် ရောင်းချမှုများ - ခုတ်လှဲထုတ်ယူသည့် ဒေသခံပြည်သူများသည် တစ်ခါတစ်ရံတွင် သစ်အချောထည်အကြမ်းကို ပြုလုပ်ကြပါသည်။ အရည်အသွေးမြင့်ထုတ်ကုန်များ အတွက်မူ လျော်ညီသည့် ကိရိယာတန်ဆာပလာများ လိုအပ်ပါသည်။ နီပေါတွင် ဒေသခံပြည်သူ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုများ အရှိန်အဟုန်မြင့်လာစေရာတွင် သစ်အချောထည်ပြုလုပ်ခြင်း အတွက် အစိုးရ၏ငွေကြေးအထောက်အပံ့သည် ကဏ္ဍတစ်ခုမှ ပါဝင်နေပါသည်။ မက္ကစီကိုတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများစွာသည် ဒေသအလုပ်အကိုင်အခွင့်အလမ်းများ ဖြည့်ပေးလျှက် ခိုင်မာတောင့်တင်းသည့် စီးပွားရေးလုပ်ငန်းများအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းဆဲ ဖြစ်ပါသည်။

တရုတ်နိုင်ငံတွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များပါဝင်မှုသည် ပေါက်ရောက်နေသည့် သစ်ပင်များရောင်းဝယ်မှု တွင်သာ အများအားဖြင့်ရပ်တန့်နေကြပြီး တဖက်တွင်မူ အချို့သော စွန့်ဦးတီထွင် တောင်သူများသည် ၎င်းတို့၏ သစ်တောထွက်ပစ္စည်းများမှ ဝင်ငွေတိုးပွားစေရန်အတွက် စီးပွားရေးလုပ်ငန်းငယ်များကို ထူထောင်ထားကြသည် (သို့) သမဝါယမလုပ်ငန်းများကို ဖွဲ့စည်းတည်ထောင်ထားကြပါသည်။ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့များအပါအဝင် အထက်ပါအစိတ်အပိုင်းများတွင် ဆွေးနွေးခဲ့သည့်အတိုင်း မက်လုံးပေးမှုများကို အချိုးကျကျပေါင်းစပ်ခြင်းဖြင့် ဒေသခံပြည်သူများနှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များသည် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းမှုများကို တိုးတက်အောင်လုပ်နိုင်လာကြပြီး ပိုင်ဆိုင်မှုများ တိုးပွားလာ ကြသည်ကို သက်သေပြနေပါသည်။ အောက်ပါပုံသည် နိုင်ငံတစ်ခု၏ ဖြစ်ရပ်အခြေအနေများ တစ်ခုချင်းစီ အလိုက် အကြမ်းအားဖြင့် လက်ရှိ ရောက်နေသည့် ဖွံ့ဖြိုးမှု အဆင့်ကို ညွှန်းဆိုပြထားပါသည်။

---

2--Gritten, D., N.S. Paudel, H. Luintel, D.B. Khatri, J. Atkinson, J. Bampton, B. Mohns, K. Bhandari, C. Silori and M. Janakiraman (2014). Enabling forest users in Nepal to exercise their rights: Rethinking regulatory barriers to communities and smallholders earning their living from timber. In: Forests under pressure: Local responses to global issues. IUFRO WFSE World Series. Helsinki, Finland.

### အပြည့်အဝ ဖွံ့ဖြိုးမှု အဆင့်

မြေယာရပိုင်ခွင့်နှင့် ရင်းမြစ် အာမခံချက်ရှိသဖြင့် ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တောလုပ်ငန်းများ/တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များသည် သစ်တောထွက်ပစ္စည်းများထုတ်လုပ်သည့် တန်ဖိုးကွင်းဆက်များတွင် အပြည့်အဝ ပါဝင်လုပ်ကိုင်လာကြခြင်း၊ ဝန်ဆောင်မှုများသည်လည်း ဈေးကွက်တောင်းဆိုမှုများအရ ရောင်းလိုအား အရည်အသွေးနှင့် ရောင်းချနှုန်းအရလည်း နိုင်ငံတွင်းနှင့်ပြည်ပတင်ပို့မှုကို ပြည့်မီခြင်း။ စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှုကို ခိုင်ခိုင်မာမာ သဘောပေါက်နားလည် လာခြင်း၊ ပိုင်ဆိုင်မှုများ ကြွယ်ဝလာခြင်း၊ လိုအပ်သော စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ (ဥပမာ-ချေးငွေများ) ကို ဖော်ထုတ်လာနိုင်ခြင်းနှင့် ၎င်းတို့အတွက် ငွေပေးချေလာနိုင်ခြင်း။ ဈေးကွက်ကို ကောင်းစွာလက်လှမ်းမီလာပြီး အခြေခံအဆောက်အဦကောင်းများ ရှိခြင်း။ ဆုံးရှုံးနိုင်ခြေနဲခြင်း (မက္ကစီကို)

### ဖွံ့ဖြိုးဆဲ အဆင့်

လူမှုသဟဇာတပေါင်းစည်းမှုများ လွန်စွာကောင်းမွန်သည့် စီးပွားဖြစ် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ/ တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များသည် တန်ဖိုးမြှင့်လုပ်ငန်းစဉ်များနှင့် ထုတ်ကုန်မျိုးစုံကို ထည့်သွင်းပေါင်းစပ်လုပ်ကိုင်ကြပါသည်။ အကျိုးအမြတ်ခွဲဝေရာတွင်လည်း မျှတမှုကို ထည့်သွင်းစဉ်းစားသည်။ ဒေသတွင်း၊ ဒေသကြီးနှင့် နိုင်ငံတွင်းဈေးကွက်များသို့ ရောင်းချခြင်း။ ပိုမို အကျိုးများစေလာနိုင်သည့် အခြေခံ အဆောက်အဦနှင့်နည်းပညာတို့တွင် ရင်းနှီးမြှုပ်နှံများကိုလည်း လုပ်ဆောင်ထားပြီးဖြစ်သည်။ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးကြီးထွားမှုကို အထောက်အပံ့ဖြစ်စေသည့် သင့်လျော်သော ဝန်ဆောင်မှုများ ရရှိနိုင်ခြင်း။ ရင်းမြစ်ဆိုင်ရာ ရပိုင်ခွင့်များ ပိုမိုရှင်းလင်းတိကျလာပြီး အဓိက အဖွဲ့ဝင်များသည် မြေယာရပိုင်ခွင့် အာမခံချက်များခိုင်မာလာခြင်း။ သို့ရာတွင် အာဏာပိုင်များနှင့် သဘောတူညီထားသည့် ထွက်ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှု အချို့အတွက်သာ ဖြစ်နေခြင်း။ (အင်ဒိုနီးရှားနှင့် တရုတ်)

### ဖွံ့ဖြိုးစ အဆင့်

တန်ဖိုးမြှင့်တင်ခြင်း အကန့်အသတ်ဖြင့်သာ ရှိပြီး စီးပွားရေး ဦးတည်ချက်ထားမှု မရှိသလောက်ဖြစ်သော တစ်နိုင်တစ်ပိုင် CFEs များ၊ မစွန့်စားလိုသော ဖွံ့ဖြိုးစ အဖွဲ့အစည်း ဖွဲ့စည်းပုံများ။ အဖွဲ့ဝင်အများစုအတွက် မြေယာရပိုင်ခွင့် အာမခံချက်မရှိသေးခြင်း၊ သယံဇာတရင်းမြစ်များ ရပိုင်ခွင့်ကို မူအားဖြင့်သာ အာဏာပိုင်များမှ လက်ခံပေးထားခြင်း။ ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦး လက်လှမ်းမီရရှိနိုင်မှုမှာ မပြည့်စုံ ပုံမှန် မရနိုင်ခြင်းကြောင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးမှု အလားအလာများကို တားစီးထားခြင်း။ အသေးစား ရိုက်ခတ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ခြင်း။ (ဗီယက်နမ်၊ နီပေါ)

### ရပ်တည်နိုင်ရုံ အဆင့်

တောင်သူတစ်ဦးချင်းသည် သစ်တောထွက်ပစ္စည်းများကို ၎င်းတို့ကိုယ်ပိုင်သုံးစွဲရန်အတွက် အဓိက ထုတ်ယူစုဆောင်းကြသည်။ ရံဖန်ရံခါ အနဲငယ်ပိုလျှံသည်များကို မိမိတို့ဒေသခံများ (သို့) ဒေသ ကုန်သည်များကို ရောင်းကြသည်။ ဝန်ဆောင်မှုများ မရရှိ မခိုင်မာခြင်းနှင့် ဝယ်ယူထားသည့် သွင်းအားစုများ (နည်းပညာကောင်းများ (သို့) ခေတ်မီကိရိယာတန်ဆာပလာများ) မရှိခြင်း။ ပိုင်ဆိုင်မှု နဲပါးခြင်း၊ ပြင်ပ ရိုက်ခတ်မှုများ (သို့) မူဝါဒအခြေအနေ အပြောင်းအလဲများကို ခံနိုင်ရည် နည်းလွန်းခြင်း။ မြေယာရပိုင်ခွင့်များ အများအားဖြင့် မရှိခြင်း။

## ပုံ-၂ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်မှု လှေခါးထစ်[3]

3--Adapted from Greijmans, M. & D. Gritten (2015). Is community forestry open for business? Paper submitted for the XIV World Forestry Congress, Durban, South Africa, 7-11 September (available at www.recoftc.org/research-papers/community-forestry-open-business).

## ဆက်လက်ဆောင်ရွက်မည့်အရာများ - မြန်မာနိုင်ငံအတွက် အကြံပြုချက်များ[4] [5]

အောက်ပါအကြံပြုချက်များသည် မူဝါဒဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတွင် စတင်ဆွေးနွေးနိုင်ရန် ရည်ရွယ်ပြီး ထပ်မံ၍ လိုအပ်သလို ပြင်ဆင်မွမ်းမံပါမည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအတွက် မြန်မာနိုင်ငံတော်အစိုးရ၏ ကတိကဝတ်ထားရှိမှုများသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဆိုင်ရာ ညွှန်ကြားချက်များ ပြင်ဆင်ခြင်းအပါအဝင် အဆင့်များစွာတွင် ရှင်းရှင်းလင်းလင်းရှိပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောကို စီးပွားဖြစ်လုပ်ကိုင်နိုင်စေရန် ပံ့ပိုးရာတွင် ရှင်းလင်းတိကျသည့် အထောက်အပံ့များနှင့် လမ်းညွှန်ချက်များ သက်ရောက်မှုရှိနေစေရန်အတွက်စနစ်တကျအားထုတ်ကြိုးပမ်းရပါမည်။အခြားမြေအသုံးချမှုကဏ္ဍများစွာလည်းပါဝင်ရန်အလို့ငှာ သစ်တော ဌာနသာမက ဒေသခံပြည်သူစီးပွားရေးလုပ်ငန်းနှင့်အခြားတန်ဖိုးကွင်းဆက်တွင် ပါဝင်သူများရင်သန်ရပ်တည်လည်ပတ်နိုင်မှုတို့အပေါ် အလုံးစုံသက်ရောက်မှုရှိသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်လုပ်ငန်းညှိနှိုင်းရေးဌာနနှင့် ဘဏ္ဍာရေးနှင့် အခွန်ဦးစီးဌာနတို့လည်း ပါဝင်ရပါမည်။

အဓိက ပါဝင်ရမည့်အပိုင်းမှာ ဘဏ္ဍာရေးနှင့်နည်းပညာ ဝန်ဆောင်မှုများပေးသည့် ကဏ္ဍနှင့် ကျေးလက်ဒေသ ပြည်သူများအကြား ချိတ်ဆက်မှုရှိစေရန် ကူညီပေးခြင်းဖြစ်ပါသည်။ ၎င်းတွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများမှ ၎င်းတို့၏သစ်ပင်များအပါအဝင် ချေးငွေအတွက် အာမခံထားရှိနိုင်ရန်အတွက် ဆောင်ရွက်ပေးရန် လိုအပ်ပါလိမ့်မည်။ နည်းပညာဝန်ဆောင်မှုများတွင် နောက်ဆုံးပေါ် တိုးချဲ့ပညာပေးဝန်ဆောင်မှုများ (သို့) ပုဂ္ဂလိကကဏ္ဍမှ ထိရောက်စွာ ထောက်ပံ့မှုများအပြင် ကုန်ကျစရိတ်များနှင့်အလေအလွင့်များကိုနည်းလမ်းအသစ်များအသုံးပြု၍လျော့ကျစေရေးတို့အတွက်စွမ်းဆောင်ရည်ပေးခြင်းအစီအစဉ်များလည်း ပါဝင်ပါသည်။ ဆိုလိုသည်မှာ ဒေသန္တရအစိုးရဌာနများတွင် စီးပွားရေးအမြင်ရှိရန်လိုအပ်ပြီး ၎င်းကို ဖြစ်မြောက်စေရန် ပြုစုထားသည့် သစ်တောသင်ရိုးညွှန်းတမ်းတစ်ခုကို အကြံပြုပေးရမည်ဖြစ်ပါသည်။
ပုဂ္ဂလိက ကဏ္ဍသည် ရင်းနှီးမြှုပ်နှံသူ၊ မိတ်ဖက်နှင့် ဝယ်ယူသူတို့အနေဖြင့် အဓိကပါဝင်လုပ်ဆောင်သူ ဖြစ်ပါသည်။ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်ပြန်လည်ရရှိမှုနှင့် အရည်အသွေးကောင်းသော ထုတ်ကုန် များ အချိန်ကိုက် ဖြန့်ဝေခြင်းတို့အပါအဝင် ယုံကြည်စိတ်ချရသော အာမခံချက်များ မရှိပါက ၎င်းတို့သည် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော နယ်ပယ်သို့ ဝင်ရောက်လုပ်ကိုင်လိမ့်မည် မဟုတ်ပါ။
မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းသည် တိုးတက်နေပါသည်။ လုပ်ငန်းကြီးများစွာကို မြို့နေလူတန်းစားများမှ လုပ်ကိုင်နေကြပါသည်။ အဆိုပါလူများသည် ၎င်းတို့နိုင်ငံရှိ သစ်တောများမှ သစ်တောထွက်ပစ္စည်းများကို တိုး၍တိုး၍ ဝယ်ယူနေကြပါသည်။ ၎င်းတို့သည် သစ်တောထွက်ပစ္စည်း ရင်းမြစ်များကို သတိမမူမိဘဲ ကြိမ်ဖန်များစွာပင် ဝယ်ယူနေကြသဖြင့် အခြေအနေအရပ်ရပ်ကို ကောင်းစွာသိရှိထားပြီးမှ ရွေးချယ် လုပ်ဆောင်ရန် လိုအပ်ပါသည်။ သို့မှသာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများရှိ ရေရှည်တည်တံ့စေသော အရင်းအမြစ်မှ ထွက်လာသည့်သစ်သည် ဈေးကွက်ဝေစု ရလာပါမည်။

4--In line with FAO, Regional Expert Meeting on Creating an Enabling Environment for the Development of Small Scale Forest Enterprises (SSFE) in Asia, Colombo- Sri Lanka 19-21 October 2017

5--Gritten, D., M. Greijmans, S. Lewis, T. Sokchea, J. Atkinson, T. Quang, N. Paudel (2015). An uneven playing field: regulatory barriers to communities making a living from the timber from their forests–examples from Cambodia, Nepal and Vietnam. Forests, 6 (10), pp. 3433-3451, 10.3390/f6103433



RECOFTC
THE CENTER FOR PEOPLE AND FORESTS

RECOFTC အဖွဲ့၏ လုပ်ငန်းစဉ်မှာ အာရှပစိဖိတ်ဒေသအတွင်းရှိ ရေရှည်တည်တံ့သော သစ်တော၊ ရေ၊ မြေ၊ တောတောင်များတွင် နေထိုင်ကြသော ဒေသခံပြည်သူများ၏ ပိုမိုခိုင်မာသည့်ရပိုင်ခွင့်များ၊ ပိုမိုကောင်းမွန်သည့် စီမံအုပ်ချုပ်မှုနှင့် မျှတသည့်အကျိုးအမြတ်များအတွက် စွမ်းဆောင်ရည်တိုးမြှင့်ပေးရန် ဖြစ်ပါသည်။

RECOFTC အဖွဲ့သည် သစ်တောကဏ္ဍတွင် ထူးခြား၍ အရေးပါသောနေရာတစ်ခုကို ယူထားပါသည်။ ဤအဖွဲ့သည် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအတွက် စွမ်းဆောင်ရည်တိုးတက်စေရေးကို အထူးပြုဆောင်ရွက်သော အကျိုးအမြတ်မယူသည့် တစ်ခုတည်းနိုင်ငံတကာအဖွဲ့အစည်းဖြစ်ပါသည်။

RECOFTC အဖွဲ့သည် အာရှပစိဖိတ်ဒေသနှင့် အပြင်ဘက်ရှိ အစိုးရများ၊ အစိုးရမဟုတ်သည့်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဒေသခံပြည်သူများ၊ သုတေသနနှင့်ပညာရေးအဖွဲ့အစည်းများ၊ မဟာဗျူဟာမြောက်ကွန်ရက်များ နှင့် ထိရောက်သော မိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။ နှစ် (၃၀)ကျော် သက်တမ်းရှိသည့် နိုင်ငံတကာအတွေ့အကြုံ၊ သုတေသနနှင့် ဆန်းစစ်ခြင်းများ၊ သရုပ်ပြ နေရာများနှင့် သင်တန်းသုံးပစ္စည်းများအပါအဝင် စွမ်းဆောင်ရည်တည်ဆောက်ခြင်းဆိုင်ရာ အမြဲပြောင်းလဲ ဆန်းသစ်နေသည့် ချဉ်းကပ်များတို့ဖြင့် RECOFTC အဖွဲ့သည် ပြည်သူများနှင့် သစ်တောများအတွက် တီထွင် ဆန်းသစ်သော ဖြေရှင်းနည်းများကို ပံ့ပိုးပေးလျက်ရှိပါသည်။

RECOFTC – The Center for People and Forests
P.O. Box 1111
Kasetsart Post Office
Bangkok 10903, Thailand
Tel (66-2) 940-5700
Fax (66-2) 561-4880
info@recoftc.org
www.recoftc.org
www.facebook.com/recoftc
www.twitter.com/recoftc
www.instagram.com/recoftc
www.linkedin.com/company/recoftc

Printed on recycled paper